ကမ်းနီကျေးရွာ
ကျိုက်ထိုမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ – ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကမ်းနီကျေးရွာ၊ ကျိုက်ထိုမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ကမ်းနီ ကျေးရွာ **အရင်းအမြစ်ပြန်မြေပုံ၊** ကျိုက်ထိုမြို့နယ် ၅

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၆

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမ ဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၀ **မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ**
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ **ပြဿနာ နှင့် အခက်အခဲ**များ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ **အဖြစ်များသော** ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၂
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၄
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း ၇၂
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၃
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု ကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက် ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေး သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ် ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု ၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီ အစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲ ရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက် ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှု တို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကမ်းနီကျေးရွာ ၊ ကျိုက်ထိုမြို့နယ်

ကမ်းနီကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်ထိုမြို့နယ်



ရည်ညွှန်း- ကမ်းနီကျေးရွာအရင်းအမြစ်ပြမြေပုံ - ကမ်းနီကျေးရွာ၊ ကမ်းနီ ကျေးရွာ အုပ်စု၊ ကျိုက်ထို မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၇-၂၉ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး နှင့် ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်း ဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်ငင်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင် မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များ နှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များ နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ဆိုင်သော ဌာနတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေး နှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရ နှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်း များကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ် မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ကမ်းနီကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၏ အနောက်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာသည် မြို့နယ် အုပ်ချုပ်ရေးရုံးစိုက်ရာ ကျိုက်ထိုမြို့နယ်နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ ၈၀မှ ၁၀၀ ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်များအတွက် အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာ နေရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှု ရှိပါသည်။ တောတောင် မြစ်ချောင်းများရှိသည်။ လယ်ယာမြေသည် စပါး၊ ပဲ၊ ကြံ၊ ပြောင်းဖူး၊ မြေပဲ၊ စိုက်ပျိုးပြီး အဓိက အသက်မွေးဝမ်းကျောင်းအားထားရန်ဖြစ်သည်။ မိုးရာသီတွင် တောင်ပေါ်ရေများ ကျရောက်ခြင်း ကြောင့် စိုက်ပျိုးထားသည့် အပင်များပျက်စီးပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ ။ ။ လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ အသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတများလည်းရှိသည်။ တောင်သူ တစ်ချို့မှာ ချောင်းရေဖြင့် လယ်မြေ ဧက(၂၀)ခန့်ကိုသာရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေ အသုံးပြုနှုန်းနည်းပါးသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၂၇၁)ဧကရှိသည်။ စပါး၊ မြေပဲ အဓိက စိုက်ပျိုးသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ကျား(၆၁၈)ဦး၊ မ (၆၁၄)ဦးဖြင့် လူဦးရေပေါင်း (၁၂၃၃)ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅)ဦးနှုန်းရှိသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ကျေးရွာရှိ မိသားစုအများစုသည် စိုက်ပျိုးရေးလုပ်ငန်း နှင့် ကျပန်းလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှုကို ဖော်ပြပါသည်။ ကျေးရွာ၏၄၁.၁၉၀%သည် မြေယာမဲ့များဖြစ်ပြီး အလွန်ဆင်းရဲသောသူများဖြစ်ကြ သည်။ ကျေးရွာ၏ ၂၉.၄၃၅%သည် ၅ဧကအောက်ပိုင်ဆိုင်ကြ၍ ဆင်းရဲသောသူများဖြစ်ပြီး ၂၀.၁၆၁% သည် ၅ဧကမှ၁၂.၅ဧကအထိ ပိုင်ဆိုင်ကြပြီး တောင်သူလတ်များဖြစ်ပါသည်။ တောင်သူကြီး ၉.၂၇၄၁%သာရှိပြီး စိုက်ပျိုးမြေဧက(၁၂.၅ဧက)အထက် ပိုင်ဆိုင်ပါသည်။ တစ်ဦးတည်းပိုင် စိုက်ပျိုး မြေဧက(၂၀ဧက)ထိ အများဆုံးပိုင်ဆိုင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲ သော အိမ်ထောင်စု(၁၀၂)ရှိသည်အနက် (၃၂) အိမ်ထောင်စုမှာ ၃လအောက် ကျန်သော အချိန်များ တွင် မိသားစုများသည် ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ပံ့ပိုးမှုဖြင့် လည်း ကောင်း၊ သီးနှံကြို့ရောင်း၍သော်လည်းကောင်း ဝမ်းစာဖြည့်တင်းကြရပါသည်။

မိုးတွင်းကာလများတွင် တောင်ကျရေကြောင့် ခဝါချောင်းရေကြီးခြင်း နှစ်စဉ်ဖြစ်ပေါ်ပြီး စိုက်ပျိုး သီးနှံများဆုံးရှုံးသဖြင့် မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများ စားနပ်ရိက္ခာမဖူလုံမှုများ မြင့်မား ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ သွေးလွန်တုပ်ကွေးရောဂါသည် ကျေးရွာအတွင်းတွင် ဖြစ်ပွားမှုနှုန်းအများဆုံးဖြစ်ပါသည်။ တစ်ရွာလုံးရှိ ကလေး သူငယ်များသည် ရောဂါကူးစက်ခံရမှုများ ရှိသည်။ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြင့် ဆေးရုံသို့ တက်ရောက်ကုသကြရသည်။

ကျေးရွာတွင် အိမ်ခြေ (၇၈)အိမ်ခန့်သည် ယင်လုံအိမ်သာ သုံးစွဲမှု မရှိကြပါ။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ၀.၂%သည် စာတတ်မြောက်မှုမရှိကြပါ။ ၆.၅၁%သည် ဘုန်းတော်ကြီးကျောင်တွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှု အနေဖြင့် မူလတန်းပညာပြီးဆုံးသူ ၂၃.၃၈%၊ အလယ်တန်းပညာပြီးဆုံးသူ ၈.၆၈%၊ အထက်တန်းပညာပြီးဆုံးသူ ၁.၈၉% နှင့် ဘွဲ့ရရှိသူ ၀.၂၈% ရှိပါသည်။ ယခုအခါ အသက် (၅-၉)နှစ် အတွင်း လူဦးရေ (၁၆၁)ရှိသော်လည်း မူလတန်းပညာ တက်ရောက်နေသူ(၄၀၄)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၆၈.၈% ရှိသဖြင့် ကလေးများ ကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်းအဆင့် တွင်ပင် ရှိနေခြင်း၊ အသက်(၁၀-၁၄)နှစ်အတွင်း လူဦးရေ(၇၁)ဦးရှိသော်လည်း တက်ရောက် နေသူ(၃၃၄)ဦးရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ် တန်းအဆင့်တွင်ပင် ရှိနေကြပါ သည်။

ကျေးရွာတွင် တစ်ပိုင်တစ်နိုင်ဝင်ငွေရလုပ်ငန်းအဖြစ် ကျောက်တူးသည့်လုပ်ငန်းများတွင် နေ့စား သွားရောက်လုပ်ကိုင်ခြင်း၊ လက်သမား/ပန်းရံ လုပ်ခြင်း၊ စက်ချုပ်ခြင်း၊ ကွန်ပျူတာစာစီစာရိုက်ခြင်း၊ ဆိုင်ကယ်ကယ်ရီနှင့် စက်ပြင်ခြင်းတို့ဖြင့် ဝင်ငွေရှာဖွေသူများရှိပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက် လုပ်ကိုင်သူ (၃၈)ဦးရှိပါသည်။

(စ) ကျားမဆက်နွယ်မှု။ ။ ကမ်းနီကျေးရွာတွင် တစ်ရက်လျှင် အမျိုးသားတစ်ဦး အလုပ် လုပ်ခ(၆၀၀၀)ကျပ် နှင့် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်ရရှိပါသည်။ ပညာတတ်မြောက်မှုတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပညာတတ်မြောက်သူဦးရေ ပိုမိုများပြားသည်။ စာမတတ် သူဦးရေတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ မိသားစုကိစ္စများ၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆွေးနွေးဆုံးဖြတ်ကြပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေး ကိုဦးဆောင်နေသော အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ ဦးဆောင်ပါဝင်မှု ရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ ကမ်းနီကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ် မှုနှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ် နိုင်ပါသည်။

အဖွဲ့များသည်ကဏ္ဍအလိုက် လုပ်ဆောင်မှုကောင်းများရှိသော်လည်း အဖွဲ့အစည်း အချင်းချင်းကြား တွင် ပွင့်လင်းမြင်သာမှု အားနည်းပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုလုပ်ဆောင် အောင်မြင်နိုင်ရန် လူထုတစ်ရပ်လုံးပူးပေါင်းပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးကော်မတီ၊ ကျေးရွာဖွံ့ဖြိုး

ရေးကော်မတီ၊ အကောင်အထည်ဖော်ရေး ဆပ်ကော်မတီများ၊ ကဏ္ဍအလိုက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်၍ ဖွံ့ဖြိုးရေးသဘောတရားများ စသောသင်တန်းများ ချိတ်ဆက်ရယူ လုပ်ဆောင်ရန် လိုပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာတွင် စပါးနှင့် မြေပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါး စိုက်ဧက (၅၀)ရှိပြီး သီးထပ်အဖြစ် ရာသီပေါ်သီးနှံ ဧက(၅၀) ကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအတွက် (၃၅)တင်းနှင့် မြေပဲ (၂၅)တင်းနှုန်းထွက်ကြသည်။ ကြံဧက (၂၅)ဧကရှိပြီး ထွက်နှုန်းမှာ (၃၅)တန်နှုန်းထွက်ရှိပြီး ကုမ္ပဏီမှ ဝန်ဆောင်မှုပေးသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရ တတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မား လာရသည်။ တစ်ချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တစ်ခါတစ်ရံ တွင် မိုးရွာသွန်းမှု မညီမျှမှုကို ရင်ဆိုင်ရတတ်သည်။ မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများ အနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရ၏တတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမား များကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားပါသည်။ တစ်ချို့သောတောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျ စရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူ များသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရှိရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေး တစ်ချို့ကို ခံနိုင်စွမ်း မရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေကြ သည်။

ကျေးရွာတွင် ဝက်မွေးမြူသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၁၀%ခန့်ရှိပြီး ဒေသမှ ဝက်များမွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်းပိုင်ဆိုင်ရာ အဟန့်အတားအနေဖြင့် ဆင်းရဲ သော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ ဆောင်ရွက်ရန် ငွေကြေးကို အလွယ်တကူမရရှိနိုင်ကြချေ။ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ် ကြသည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်း များ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူ ပို့ ဆောင်ရေးဝန်ဆောင်မှုများ၊ စျေးရောင်းခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ လုပ်ကိုင် ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုအမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်း အပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီ များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။ ကျေးရွာရှိမိသားစု များသည် ပန်းရံ/လက်သမား၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်၊ လွှက်ရည်ဆိုင်၊

ကုန်စုံဆိုင်၊ ကုန်ရောင်း ကုန်ဝယ်၊ ဆိုင်ကယ်ကယ်ရီစသော အသက်မွေး ဝမ်းကြောင်း လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျေးရွာတွင် လယ်ယာစိုက်တောင်သူများသည် မိုးအခါတွင် ချောင်းများရေလျှံခြင်းနှင့် လယ်ယာမဟုတ်သော လုပ်ငန်း များမှ ညစ်ညမ်းရေများသည် တောင်သူများအား စိုက်ပျိုးရာတွင် အဟန့်အတား ဖြစ်စေသော မြေများ လာရောက်ဖို့သောကြောင့် စပါးပျက်စီးခြင်း၊ သီးနှံများစိုက်ပျိုး၍ မအောင်မြင်ခြင်း၊ ထို ပြဿနာများ ကြုံတွေ့နေရပါသည်။ ထိုဖြစ်ရပ်များအား သက်ဆိုင်ရာ ဌာနများမှ အသိပညာပေး လုပ်ငန်းများနှင့် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်ပေးသင့်ပါသည်။ တောင်သူ များအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ ကျေးရွာသည် မြေမြင့်သော အပိုင်းတွင် ရှိသော်လည်း မြေနိမ့်ပိုင်းတွင် ရေလွှမ်းမိုး ခြင်းကိုခံရပါသည်။ ကုန်းတွင်းဒေသဖြစ်သော်လည်း မုန်တိုင်း ဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။

(c) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ကျေးရွာမှ တောင်သူများသည် မြန်မာလယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို ချေးငွေကို (၆)လ ချေးယူ၍ တစ်ဝက်ကို (၅၀)ပြားအတိုး တစ်ဧက တသိန်းခွဲနှုန်းဖြင့် အများဆုံး တစ်ဆယ်ဧက အထိ ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တိုးတက်စိုက်/ထွေး၊ သမဝါယမဦးစီးဌာနမှ (၆)လ တစ်ကြိမ် ပြန်ဆပ်စနစ်ဖြင့် အဖွဲ့ဝင်တစ်ဦးကို အရင်းတစ်သိန်းနှုန်းဖြင့် အတိုးတစ်လကို အတိုးတစ်ကျပ်ခွဲဖြင့် အဖွဲ့ဝင်များအား အဖွဲ့အစည်းမှ ချမှတ်ထားသော စည်းကမ်းများအား လိုက်နာမည်ဟု ကတိစာချုပ်ဖြင့် ချေးယူထားသည်။

ကျေးရွာသားအများစုသည် ချေးငွေကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ချေးယူထားသော ချေးငွေပမာဏသည် (၁၄၀၀၀)ကျပ် အရင်း တစ်လလျှင် တစ်ကျပ်နှုန်းအတိုးဖြင့် အဖွဲ့ဝင် (၂၁၀)ဦး အား ချေးပေးထားပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှု အနေအထား ကို လေ့လာဆန်းစစ်ချက်အရ ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများ အားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ (၂၀၀၀၀၀၀ကျပ်မှ ဆယ်သိန်းအထိ) ချေးယူ ထားကြပါသည်။ ထိုအိမ်ထောင်စုများ၏ ၉၀%သည် အကြွေးငွေငါးသိန်းအောက် ချေးယူထားပြီး (၃%)သည် ငါးသိန်း အထက် ချေးယူထားပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာတွင် မူလွန် ကျောင်း အဆင့်ထိ ရှိပါသည်။ ကျောင်းဆောင်တစ်ဆောင်မှာ (၉၀' x ၄၀' x ၁၂')အရွယ်ရှိပြီး သွပ်မိုး အုတ်နံရံကာနှင့် အင်္ဂတေ အခင်းကျောင်းဆောင်နှင့် နောက်မူလွန်ကျောင်းသည် (၆၀' x ၃၀' x ၁၂') ပေအရွယ်ရှိ သွပ်မိုး အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောက်ဆောင် ဖြစ်ပါသည်။ ရွာသားအားလုံး မှာ ရေးတတ်၊ ဖတ်တတ် ကြပြီး လူဦးရေအားလုံး၏ ၁%မှာ ဘုန်းကြီးကျောင်း ပညာရေးကို ရရှိ ထားကြပါသည်။ မူလတန်းအောင်ရာခိုင်နှုန်းလည်းမြင့်မားပါသည်။ ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်း ထားသည် ကျေးရွာရှိ

မူလွန်တန်းအရေအတွက်ထက် မူလတန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုနေ ကြောင်းတွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် ၉နှစ်၊ မူလွန်တန်းတွင် ၁၂နှစ်ထက်ကြီးသော ကျောင်းသားများပါရှိကာ အလယ်တန်းနှင့်အထက်တန်းကို ကျေးရွာအနီးရှိ အထက်တန်းကျောင်း တွင် သွားရောက်တက်ရပါသည်။

ကျေးရွာ၏ ဖွဲ့စည်းပုံသည် အထက်စု၊ အလယ်စု၊ အောက်စုဟူ၍ သုံးစုဖြစ်နေပြီး အောက်တွင် မူလွန်ကျောင်းနှင့်အထက်စုတွင် မူလွန်ကျောင်းတို့ရှိကြသည်။ အထက်စုကျောင်းတွင် မူကြို၂၀+ မူလတန်း ၈၇+ မူလွန် ၁၂ယောက် စုစုပေါင်းကျောင်းသားဦးရေ ၁၁၉ ယောက်၊ ဆရာ၊ ဆရာမ (၅)ယောက် အထွေထွေ(၁)ယောက် ရှိပါသည်။ မူလွန်အတွက် ဆရာ၊ဆရာမများ လိုအပ်လျက် ရှိပါသည်။ အောက်ကမ်းနီ အ.မ.က မူလွန်ကျောင်းတွင် မူကြို(၁၀)ယောက်၊ မူလတန်း(၁၁၃) ယောက်၊ မူလွန်(၃၀)ယောက် စုစုပေါင်းကျောင်းသားဦးရေ (၁၅၃)ယောက်ရှိပြီး ဆရာ၊ ဆရာမဦးရေ (၈)ယောက်၊ အထွေထွေ(၁)ယောက် ရှိပါသည်။ အထက်စုကျောင်းတွင် မူလွန်ဆရာ၊ ဆရာမ မရှိပါ။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ရေးစာအုပ်များ ပံ့ပိုးပေးပါသည်။ မူလွန်ကျောင်းသားများကိုလည်း တစ်ဦးလျှင် (၈၀၀၀) ကျပ်နှုန်း ထောက်ပံ့ပေးပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိပါသည်။ သားဖွားဆရာမတစ်ဦးနှင့် ကြီးကြပ်(၂)တစ်ဦး: နှင့် အရပ်လက်သည်(၁)ဦး:ရှိပါသည်။ ပြင်းထန်ရောဂါများ အတွက် ကျေးရွာနှင့် (၈)မိုင်အကွာ သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ ကုသရပါသည်။ သိမ်ဇရပ် တိုက်နယ်ဆေးရုံတွင် ဆေးရုံအုပ် (၁)ဦး၊ လက်ထောက်(၁)ဦး၊ အထက်တန်းသူနာပြု (၂)ဦး၊ သူနာပြု (၂)ဦး နှင့် အလုပ်သမား (၄)ဦးခန့် ရှိပါသည်။

ရေတွင်း(၆၀)တွင်းရှိပြီး တစ်နှစ်ပတ်လုံး အသုံးပြု၍ရပါသည်။ ထမင်း၊ ဟင်းများချက်ပြုတ်ရန် ရေတွင်းကို အဓိကထားအသုံးပြုကြပါသည်။

ကျေးရွာအိမ်ထောင်စု၏ (၁၇၀)အိမ်သည် ယင်လုံအိမ်သာ၊ (၁၅)အိမ်သည် ကျင်းအိမ်သာနှင့် (၁၈) အိမ်သည် မြေပေါ်အိမ်သာကို သုံးစွဲကြပြီး ကျန်သော(၄၅)အိမ်သည် တောထိုင်ကြပါသည်။ ကျေးရွာ လူထုမှ ကျေးရွာအတွင်း အိမ်တိုင်းစေ့ ယင်လုံအိမ်သာဆောက်လုပ်ကြရန် နှင့် ကျန်းမာရေး အသိပ ညာပေး ဟောပြော ပွဲများ ပြုလုပ်ပေးရန် လိုလားနေကြပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကမ်းနီကျေးရွာတွင် အားကစားပြိုင်ပွဲများအနေဖြင့် ခြင်းလုံးခတ်ပြိုင်ပွဲများ ၊ ဘောလုံးပြိုင်ပွဲများတွင် လူငယ်များမှ ပါဝင်ယှဉ်ပြိုင်ကြပါသည်။ လူငယ် များသည် လမ်းပြုပြင်ခြင်း၊ ကျေးရွာသာရေးနာရေး၊ ကျောင်းဝေယျာဝစ္စပြုလုပ်ပေးခြင်း နှင့် တောထဲတွင်ထင်းဖျက်ခြင်း၊ ထင်းရှာပေးခြင်းတို့ ပြုလုပ် ပေးလျက်ရှိပါသည်။ လူငယ်အဖွဲ့အား ဆယ်အိမ်ခေါင်းတစ်ခုတွင် အဖွဲ့ (၁) ဖွဲ့ဖြင့် (၃) ဖွဲ့ခွဲ၍ တစ်ဖွဲ့လျင် (၁၅) ရက်တစ်ခါ ဘုန်းတော်ကြီး ကျောင်းသို့ လာရောက်လုပ်အားပေးခြင်းတို့ ပြုလုပ်ကြ ရံဖန်ရံခါတွင် လူငယ်များ မအားလျင် လူလတ်ပိုင်းများမှ ဝင်ရောက် လုပ်ကိုင် ပေးကြပါသည်။

စာကြည့် တိုက်ရှိသော်လည်း စာဖတ်သူနည်းခြင်း၊ စိတ်ဝင်စားမည့်စာအုပ်မရှိခြင်း၊ မအား၍ စာအုပ်အဖတ်နည်းခြင်းနှင့် အနေဝေးခြင်းတို့ကြောင့် စာကြည့်တိုက်သည်အမြဲတမ်းဖွင့်ထား သော်လည်း လူမရှိခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် စာကြည့်တိုက်တွင် လူငယ်များ အသိပညာ ဗဟုသုတ ပိုမိုတိုးပွားလာစေရန်နှင့် စာအုပ်များစုံစုံလင်လင်ထားပေးဖို့ရန် လိုအပ်နေ ပါသည်။ ထို့ပြင် စာဖတ်ရန်

စည်းရုံးတိုက်တွန်းမှုများလည်းလိုအပ်နေပါသည်။ ထို့ကြောင့် စာကြည့် တိုက်အတွက် လိုအပ်သည့် စာအုပ်များရရှိနိုင်ရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ ဆက်ဆံရေး ဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ် သည့် အကူအညီများတောင်းခံသင့်ပါသည်။ ထို့ပြင် ကျေးရွာမှ လူငယ်များအား အလှည့်ကျစာကြည့် တိုက်မှူး ခန့်အပ်သင့်ပါသည်။

(၈) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)

ကျေးရွာတွင်းရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး ကားများကိုအသုံးပြု မောင်းနှင် ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် ကား(၄)စီး၊ မော်တော်ဆို င်ကယ်(၁၀၁)စီး၊ စက်ဘီး(၉၇)စီးနှင့် ထွေလာဂျီ (၂)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီး ရရှိမှု မရှိဘဲ ဆိုလာမီးကို အများဆုံးအသုံးပြုကြသည်။ တစ်ချို့မှာ မီးစက်မှလပေးဖြင့် အသုံးပြုကြသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြား ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အ သုံးပြုနိုင်သည်။

သတင်းအချက်အလက်များကို ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် အများဆုံးအားဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ ကျေးရွာတွင်းတွင် တယ်လီနော၊ အူရီဒူး နှင့် မြန်မာ့ဆက်သွယ်ရေးလိုင်းများကို သုံးစွဲနိုင်ကြပါသည်။ **ဖုန်းအသုံးပြုသည့်လူငယ်တိုင်း အင်တာ နက်နှင့် Facebook အားလက် လှမ်းမှီမှုရှိကြပါသည်။**

ကျေးရွာတွင်းတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မည်သည့်စီမံခန့်ခွဲမှုကော်မတီမျှ ဖွဲ့စည်း ထားမှုမရှိပေ။ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များအနေဖြင့် ကျိုက်ထိုမြို့နယ်၊ မီးသတ် ဦးစီးဌာနမှ (၅) နှစ်တစ်ချိန် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါသည်။ သို့သော် ကျေးရွာမှ တက်ရောက်ထားခြင်းမရှိသည့်တွက် ၎င်းနှင့် ပတ်သက်သည့်အရံမီးသတ်တပ်ဖွဲ့ကိုလည်းဖွဲ့စည်းထားခြင်းမရှိပေ။ သို့ဖြစ်ပါ၍ ကျေးရွာသူ/သား များအနေဖြင့် သဘာဝဘေးအန္တရာယ်များမကျရောက်မီနှင့် ကျရောက်ပြီးပါ က ကြိုတင်ကာကွယ်မှု နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ရပါမည်။

(၈) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာနှင့် ၄ မိုင် အကွာတွင် သိမ်၈ရပ် ရဲစခန်းတည်ရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာသည်လမ်းပန်းဆက်သွယ်ရေးကောင်မွန်ခြင်းကြောင့် အလွယ်တကူသွားလာနိုင်သည်။ လူငယ်များ ပညာတတ်မြောက်မှုရှိကြပြီး လူဦးရေ:အားလုံး၏ ၅၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်

များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်အနည်းငယ်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ ကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူ လက်လှမ်းမီ နိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသ လိုအပ်မှု အတွက်လည်း တိုက်နယ်ဆေးရုံသို့သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်း နှင့်ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထားအတွက်အသင့်အတင့်သောအဆင့်တွင်ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင် ပေးနိုင်သည်။ ကျေးရွာသည် မော်လမြိုင်နှင့်ရန်ကုန်မြို့များသို့ ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန် များကို ရောင်းချရန် စျေးကွက်ကောင်းသဖြင့် အထူးသဖြင့် ဝက်နှင့်နွားကို တိုးချဲ့မွေးမြူနိုင်ရန် အခွင့်အလမ်းသာသည်။ သို့သော် မွေးမြူရေး နှင့်ကုသရေး ဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများကိုလည်း တိုးမြှင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုစျေးကွက်နှင့် အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင် သည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကမ်းနီကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ရှိပြီးအခြားသယံဇာတများ ထွက်ရှိနေပါသည်။ လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်နေကြပါသည်။ ခဝါချောင်းမှာ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ချောင်းများရေခမ်းခြောက်သည့်အတွက် ရေသွင်းဧကများ ရေမရရှိနိုင်ပါ။

ထို့ပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများသည် မြေပဲများသည်မြေပဲစိုက်ခင်းများတွင် ကျရောက်တတ်ပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ မရရှိနိုင်ပါ။ ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။

တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များ ရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမြင့်မားတတ်သည်။ ဘဏ်များ မှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်ရှိသော်လည်း ချေးငွေလိုအပ်သော အိမ်ထောင်စုများ မှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာ များတွင် အခက်အခဲကြုံတွေ့ရတတ်သည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းတတ်သိပညာ အထိအတွေ့တို့ အားနည်းပါသည်။

(ဂ) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး:ဦး:စီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေး:ပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေး:ပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား ကို တိုးရန်မရှိပါ။

ခ) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့်ကလေးများ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေ၇မည်။

ဂ) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာ မီးလင်းရေးများ စသည့် **လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရန်** တို့ ဖြစ်ပါသည်။

(ခ) နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေနည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေး:တို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေး:နှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရေး: အခြားနေရာ များနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရှိပါက စိုက်ပျိုရေး၊ မွေးမြူရေး: လုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေး:မြူရေး:နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး:နည်းပညာသင်တန်းများ တက်ရောက်နိုင်ရေး အတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထား သူများက တစ်ဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂) **ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသို့ သွားရောက်တက်ရသည်။**

(ခ-၃) **ကျေးရွာတွင် စာသင်ကျောင်းခြံစည်းရိုးများရှိပါသည်။ မူလွန်ကျောင်းဆောင် ဆောက်လုပ်ခြင်း ဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်ဆောင်ရွက်မည့် ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး မူလွန်ကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/ဆရာမ ခန့်ထားရရှိနိုင်ရေး: တို့အတွက် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။**

(ခ-၄) **ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာ၏ အခြေခံအဆောက်အဦးများ တိုးတက်မှုမရှိပါ။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်**

စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်သည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒ နှင့် လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန် မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး:

ကျေးရွာတွင် စပါးအပြင် မြေပဲကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေး အတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် အသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သော ချေးငွေကိုရရှိပါသည်။ အထူးသဖြင့် လယ်သမားများနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက် အလျောက်များပြားသည့် ချေးငွေကိုရရှိပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်း ထားခြင်းရှိပါသည်။ ချေးငွေလိုအပ်သော ရွာသူရွာသားများအတွက် ချေးငွေအစီအစဉ်များကို ဆောင်ရွက်ပေးပါသည်။

(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးလာနိုင်သည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းများ ရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများ လက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်ုပ်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည် ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း မရှိပါ။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များ သည် ငါးနှစ်တာစီမံချက်အတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ် ရွေးချယ် ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ် တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ် လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ် တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေ သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ် ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း သည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်း များအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။
ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစားပေး ရမှတ်	ဦးစားပေး အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်
၁။	စိုက်ပျိုးရေး နည်းပညာ	စိုက်ပျိုးရေးနည်းပညာဗဟုသုတဆင့်ပွားသင်တန်းများဖွင့်လှစ်ပို့ချခြင်း	၈၀	၂	➢ သက်ဆိုင်ရာအဖွဲ့အစည်း များ၊ ကုမ္ပဏီများနှင့် ချိတ် ဆက်၍.. ➢ **ပဂ္ဂလိကရင်းနှီးမြှုပ်နှံမှု** ➢ **ငွေကြေးဝန်ဆောင်မှု** ➢ **နည်းပညာဝန်ဆောင်မှု** ➢ **စိုက်ပျိုးနည်း စနစ်** ➢ **ဘက်စုံပိုးမွှားရောဂါကာ ကွယ်ထိန်းသိမ်းနည်း** ➢ **သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း** ➢ **သီးနှံတာရှည်ထားသို နည်း။**
၂။	မွေးမြူရေး	မွေးမြူရေးနည်းပညာဗဟုသုတသင်တန်းများ ရရှိအောင် ဆောင်ရွက် ခြင်း	၅၈	၈	တိရိစ္ဆာန်ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဆိုင်သောအသိပညာဗဟုသုတများရရှိရန်ဆောင်ရွက်ခြင်း၊
၃။	ကျေးရွာတွင်အခြေခံအဆောက် အဦးများ	လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ခြင်း	၅၉	၇	• လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက်၍ ကျေးရွာလျှပ်စစ်မီး ရရှိအောင် တင်ပြခြင်း

၄။	ပညာရေး	လုံလောက်သောကျောင်းဆရာ၊ဆရာမဦး:ရေ ရရှိအောင် ဆောင်ရွက်ခြင်း	၈၇	၁	• ပညာရေးဌာနနှင့် ချိတ်ဆက်၍ ကျောင်းဆရာ၊ ဆရာမလုံလောက်အောင် ရရှိအောင် ဆောင်ရွက်ခြင်း
၅။	ပညာရေး	လုံလောက်သောကျောင်းပရိဘောဂများ ရရှိအောင် ဆောင်ရွက်ခြင်း	၄၉	၁၂	• ပညာရေးဌာနနှင့်ချိတ်ဆက်၍ ကျောင်းပရိဘောဂများလုံလောက်စွဲရရှိအောင် ဆောင်ရွက်ခြင်း
၆။	ပညာရေး	မူလွန်အဆင့်မြှင့်တင်ခြင်းနှင့်ကျောင်းေ ောင်သစ်ရရှိအောင်ဆောင်ရွက်ခြင်း	၆၇	၄	• ပညာရေးဌာနနှင့်ချိတ်ဆက်၍ ကျောင်းဆောင်သစ်ရရှိအောင် ဆောင်ရွက်ခြင်း
၇။	ကျန်းမာရေး	• ကျန်းမာရေးဆိုင်ရာဆွေးနွေးဟောပြော ပွဲများ ဖွင့်လှစ်ပို့ချခြင်း	၅၇	၉	• ကျန်းမာရေးအသိ ပညာပေးခြင်း • လူမှုရေးရန်ပုံငွေနှင့် ကျန်းမာရေးအကျိုး တော်ဆောင်အဖွဲ့များတည်ထောင်ခြင်း • သဘာဝဘေးအန္တရယ်နှင့်အရေးပေါ်ကူးစက်ရောဂါပျံ့နှံ့ခြင်းများ အတွက် လိုအပ်သော ပြင်ဆင်မှုများနှင့် အသိပေးနှိုးဆော်မည့်တက်ကြွသည့်အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ • မူလတန်းကျောင်းများတွင်ကျောင်း ကျန်းမာ ရေးအသိပညာပေး လုပ်ငန်း များ ထည့်သွင်းရေးဆွဲခြင်း
၈။	ကျန်းမာရေး	အရေးပေါ် လူနာတင်ယာဉ် (၁)စင်း ရရှိအောင် ဆောင်ရွက်ခြင်း	၆၁	၆	• ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ လူမှုဝန်ဆောင်မှုများ၊ ကျန်းမာရေး၊ ကယ်ဆယ်ရေး၊လူမှုရေးဝန်ဆောင်မှုများ၊ လူနာတင်ကား စသည်
၉။	ကျေးရွာတွင်အခြေခံအဆောက်အဦးများ	ကွန်ကရစ်တံတား(၁)စင်းတည်ဆောက်ခြင်း	၆၅	၅	• ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ကွန်ကရစ်တံတား(၁) စင်း တည်ဆောက်ခြင်း
၁၀။	ကျေးရွာတွင်အခြေခံအဆောက်အဦးများ	လမ်းဘေးဝဲ၊ယာဉ်ရေနုတ်မြောင်းများတူးဖော်ခြင်း	၅၈	၈	•
၁၁။	ကျေးရွာတွင်အခြေခံဆောက်အဦးများ	ကျေးရွာတွင်းလမ်းအားကျောက်ခဲျာ လမ်းခင်းခြင်းနှင့်ကတ္တရာလမ်းခင်းခြင်း	၅၅	၁၀	• ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ကျေးရွာတွင်းလမ်းအား ကျောက်ခဲျာ လမ်းခင်းခြင်းနှင့်ကတ္တရာလမ်းခင်းခြင်း

၁၂။	ကျေးရွာတွင်းအခြေခံဆောက်အဦး များ	ကျေးရွာချင်းဆက်လမ်းအား ကျောက်ခင်းလမ်းခင်းပေးခြင်း	၆၈	၃	•
၁၃။	ကျေးလက်ရေပေးဝေရေး	စက်ရေတွင်း တူးဖော်ခြင်း	၅၁	၁၁	• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ စက်ရေတွင်း တူးဖော်ခြင်း

(ဃ) အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျောင်းဆရာ။မများထပ်တိုးချပေးခြင်း	၁		Â			
၂	စိုက်ပျိုးရေးနည်းပညာဗဟုသုတဆင့်ပွာ ားသင်တန်းများဖွင့်လှစ်ခြင်း	၂		Â			
၃	ကျေးရွာချင်းဆက်လမ်းများကျောက် ခင်းလမ်းခင်းခြင်း	၃		Â			
၄	မူလတန်းလွန်ကျောင်းချပေးခြင်းနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း (၆၀' ၃၀')	၄		Â			
၅	ကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ခြင်း	၅			Â		
၆	အရေးပေါ် လူနာတင်ယာဉ် (၁)စင်း ရရှိအောင် ဆောင်ရွက်ခြင်း	၆			Â		
၇	လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ခြင်း	၇			Â		
၈	**လမ်းဘေးဝဲ၊ယာဉ်ရေနုတ်မြောင်းများတူး ဖော်ခြင်း**	၈			Â		
၉	**မွေးမြူရေးနည်းပညာဗဟုသုတသင် တန်းများ ရရှိအောင် ဆောင်ရွက် ခြင်း**	၈			Â		
၁၀	ကျန်းမာရေးဆိုင်ရာဆွေးနွေးဟောပြောပွဲ များ ဖွင့်လှစ်ပို့ချခြင်း	၉			Â		
၁၁	ကျေးရွာတွင်းလမ်းအားကျောက်ချော လမ်းခင်းခြင်းနှင့်ကတ္တရာလမ်းခင်းခြင်း	၁၀				Â	
၁၂	စက်ရေတွင်း တူးဖော်ခြင်း	၁၁				Â	

၁၃	လုံလောက်သောကျောင်းပရိဘောဂများ ရရှိအောင် ဆောင်ရွက်ခြင်း	၁၂				Â	

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲ ချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီ များရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဇယား (၃) – စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက် အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျောင်းဆရာ။မများထပ်တိုးချပေးခြင်း					
၂	စိုက်ပျိုးရေးနည်းပညာဗဟုသုတ ဆင့်ပွားသင်တန်းများဖွင့်လှစ်ခြင်း					
၃	ကျေးရွာချင်းဆက်လမ်းများကျောက် ခင်းလမ်းခင်းခြင်း					
၄	မူလတန်းလွန်ကျောင်းချပေးခြင်းနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း (၆၀' ၃၀')					
၅	ကွန်ကရစ်တံတား(၁)စင်းတည်ဆောက်ခြင်း					
၆	အရေးပေါ် လူနာတင်ယာဉ် (၁)စင်းရရှိအောင်ဆောင်ရွက်ခြင်း					
၇	လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း					
၈	လမ်းဘေးဝဲ၊ယာဉ်ရေနုတ်မြောင်းများတူးဖော်ခြင်း					
၉	မွေးမြူရေးနည်းပညာဗဟုသုတသင်တန်းများရရှိအောင်ဆောင်ရွက်ခြင်း					

၁၀	ကျန်းမာရေးဆိုင်ရာဆွေးနွေးဟောပြောပွဲများ ဖွင့်လှစ်ပို့ချခြင်း					
၁၁	ကျေးရွာတွင်းလမ်းအားကျောက်ခြောလမ်းခင်းခြင်းနှင့်ကတ္တရာလမ်းခင်းခြင်း					
၁၂	စက်ရေတွင်း တူးဖော်ခြင်း					
၁၃	လုံလောက်သောကျောင်းပရိဘောဂများ ရရှိအောင် ဆောင်ရွက်ခြင်း					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက် ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်ကို မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်း ရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(ဃ) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှုအခြေအနေများ အား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်း တွင် ကော်မတီ နှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှု များ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့

ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။